

Australian Aid
World Vision
Smart Navigator Booklet
ကျွမ်းကျင်သော
လမ်းပြ
စာအုပ်ငယ်
The Vanguard Series



# မာတိကာ


လူကုန်ကူးခြင်းဆိုသည်မှာ အဘယ်နည်း။ ရွှေ့ပြောင်းသွားလာခြင်း

ဆိုသည်မှာအဘယ်နည်း။ ........................................................၂

လူကုန်ကူးခြင်းနှင့် သက်ဆိုင်သော ဥပဒေများနှင့်

သဘောတူညီချက်များ ........................................................၆

စစ်ဆေးရန်အချက်အလက်-လုံခြုံသောရွှေ့ပြောင်းသွားလာခြင်း......၁၁

ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံ ..................................................၁၆

စစ်ဆေးရန်အချက်အလက်- လုံခြုံသောခရီးသွားခြင်း ..................၁၇

စစ်ဆေးရန်အချက်အလက်-အရေးကြီးသောစာရွက်စာတမ်းများ ....၁၉

စစ်ဆေးရန်အချက်အလက်-သင်ရောက်ရှိသောနေရာ၏

ဘေးကင်းလုံခြုံမှု ........................................................၂၂

အိမ်ကို မည်သို့ ဖုန်းဆက်ရမည်နည်း။......................................၂၄

အရေးပေါ် ဖုန်းနံပါတ်များ ....................................................၂၆

သင်လူကုန်ကူးခံရပါက မည်ကဲ့သို့ပြုလုပ်ရမည်နည်း။ ..................၂၉

# လူကုန်ကူးခြင်းဆိုသည်မှာ အဘယ်နည်း။
# ရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာ အဘယ်နည်း။

ပါလာမိုပတိုကောလ်(Palermo Protocol)၏ စာပိုဒ်(က)၊ အပိုဒ်ခွဲ၃အရ လူကုန်ကူးခြင်း၏ အပြည့်ပြည့်ဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်မှာ-

ခေါင်းပုံဖြတ်ရန်ရည်ရွယ်ချက်ဖြင့် လူပုဂ္ဂိုလ်တစ်ဦးအား ခြိမ်းခြောက်ခြင်း (သို့) အင်အားသုံးခြင်း (သို့) အခြားပုံစံဖြင့် အတင်းအကြပ်အနိုင်အထက်ပြုခြင်း၊ ဖြားယောင်းခေါ်ဆောင်ခြင်း၊ လိမ်လည်လှည့်ဖျားခြင်း၊ အာဏာကိုအလွဲသုံးစားပြုခြင်း၊ ရပ်တည်ရန်ခက်ခဲသောအခြေအနေပေါ်တွင် အလွဲသုံးစားပြုခြင်း၊ ချုပ်ကိုင်နိုင်သူတစ်ဦးတစ်ယောက်၏သဘောတူညီမှုရရှိရန် အကျိုးအမြတ်ပေးခြင်း (သို့) ရယူခြင်းဖြင့် လူတစ်ဦးဦးအား သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့) လက်ခံထားခြင်း တို့ကိုဆိုလိုသည်။ ခေါင်းပုံဖြတ်ခြင်းဟုဆိုရာတွင် အနည်းဆုံးပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ အခြားပုံစံဖြင့် လိင်မှုကိစ္စခေါင်းပုံဖြတ်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကျေးကျွန်သဖွယ်ပြုခြင်း (သို့) ကျွန်ကဲ့သို့ အလုပ်လုပ်ရသော အခြေအနေ၊ ခန္ဓာကိုယ်အတွင်းမှ အင်္ဂါအစိတ်အပိုင်းများ ဖယ်ထုတ်ခံရခြင်းများ ပါဝင်သည်။

လူကုန်ကူးခြင်းတွင် အောက်တွင်ဖော်ပြထားသော အစိတ်အပိုင်း သုံးမျိုး ပါဝင်သည်။

| လုပ်ဆောင်ချက် | | နည်းလမ်းများ | | ရည်ရွယ်ချက် | | |
|---|---|---|---|---|---|---|
| သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ လက်ခံခြင်း။ | + | ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း (သို့) အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း (သို့)ဘဂရပ်တည်ရန်ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊ ချုပ်ကိုင်နိုင်သူ တစ်ဦးတစ်ယောက်၏ သဘောတူညီချက်ရရှိရန်ငွေကြေး (သို့) အကျိုးအမြတ်ပေးခြင်း | + | ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာခေါင်းပုံဖြတ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ခန္ဓာကိုယ်အတွင်းမှ အင်္ဂါအစိတ်အပိုင်းများ ဖယ်ထုတ်ခံရခြင်း၊ အခြားပုံစံများဖြင့် ခေါင်းပုံဖြတ်ခြင်းများ | = | လူကုန်ကူးခြင်း |



**လူကုန်ကူးခြင်း** ဆိုသည်မှာထွက်ခွာရန် အလွန်ခက်ခဲသော အခြေအနေသို့ ရောက်ရှိသွားသည့် ခေါင်းပုံဖြတ်ခံရသည့် အလုပ်လုပ်ကိုင်ရန်အတွက် လိမ် လည် လှည့်ဖျားခံရခြင်း(သို့) **တွန်းအားပေး ခိုင်းစေခံရခြင်း** ကိုဆိုလိုသည်။ လူကုန်ကူးခြင်းတွင် လူကုန်ကူးခံရသူများအား ခေါင်းပုံဖြတ်ရန်အတွက် တစ် နေရာမှ အခြားတစ်နေရာသို့ တွန်းအားပေး ခေါ်ဆောင်ခြင်းများပါဝင်သည်။

- **တွန်းအားပေးခြင်း-** လူကုန်ကူးခံရသူများသည် အမျိုးမျိုးသောနည်းလမ်း များဖြင့် အဓမ္မတွန်းအားပေးခြင်းခံရနိုင်သည်။ အချို့မှာအလုပ်အကိုင်ကောင်း များရရှိမည်ဟု လိမ်လည်ခံရပြီး လက်တွေ့တွင် ၎င်းတို့ကိုအခြားသောအလုပ် များလုပ်ကိုင်ရန် တွန်းအားပေးခိုင်းစေခံရသည်။ အချို့မှာ စက်ရုံများ (သို့) စက်လှေများပေါ်တွင် သော့ခတ်ထားခြင်းခံရပြီး မထွက်ခွာနိုင်ကြပေ။ အချို့ မှာမူ အလုပ်မှထွက်သွားပါက ၎င်းတို့ကို (သို့) ၎င်းတို့မိသားစုကို လူကုန်ကူး သူများက အန္တရာယ်ပြုလိမ့်မည်ဟု ခြိမ်းခြောက် ပြောဆိုထားခြင်းခံရသည်။ ဤအရာများသည်တွန်းအားပေးခြင်း၏ ဥပမာများဖြစ်သည်။

- **လိမ်လည်လှည့်ဖြားခြင်း** - အမှန်တရားကိုဖုံးကွယ်ထားခြင်း (သို့) လွဲမှား စွာဖော်ပြခြင်း (သို့) မရိုးသားသော လုပ်ဆောင်ချက်များကို ဆိုလိုသည်။

- **ခေါင်းပုံဖြတ်ခြင်း** - အကျိုးအမြတ်ရရှိရန်အတွက် လူတစ်ဦး တစ်ယောက် အား အသုံးချခြင်းသည် ခေါင်းပုံဖြတ်ခြင်းဖြစ်သည်။ လူကုန်ကူးခံရသည့်အခါ ၎င်းတို့မလုပ်ချင်သောအလုပ်တစ်ခုတွင် အလုပ်လုပ်ရန် တွန်းအားပေးခိုင်းစေ ခံရခြင်း၊ လုပ်ခလစာမရဘဲ (သို့) လစာနည်းနည်းဖြင့်အလုပ်လုပ်ရန် တွန်းအား ပေးခိုင်းစေခံရခြင်း၊ လိင်လုပ်ငန်းတွင် အလုပ်လုပ်ရန် တွန်းအားပေးခံရခြင်း၊ (သို့) ၎င်းတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ရောင်းချရန်အတွက် ထုတ်ယူ ခံရနိုင်ခြင်းစသည်ဖြင့် ခေါင်းပုံဖြတ်ခံရနိုင်သည်၊

**ကလေးသူငယ်လူကုန်ကူးခြင်း** - ကလေးတစ်ဦးကို အလုပ်အကိုင်အတွက် လိင်မှုကိစ္စ (သို့) ခန္ဓာကိုယ်အစိတ်အပိုင်းများအတွက် ခေါင်းပုံဖြတ်ခဲ့လျှင် ထိုအရာကို လူကုန်ကူးခြင်းဟုသတ်မှတ်နိုင်သည်။ ကလေးများ လူကုန်ကူးခံရသည်ဟုသတ်မှတ်ရန်အတွက်၄င်းတို့သည်တွန်းအားပေးခံရခြင်း (သို့) ထိန်းချုပ်ခံရခြင်းများ ဖြစ်နေသည်ဟု ပြသရန်မလိုအပ်ပေ။ တစ်စုံတစ်ဦး၏ လုပ်ရပ်ကြောင့် ကလေးသည် ခေါင်းပုံဖြတ်ခံရသည့်အခြေအနေတွင် ရောက်ရှိနေလျှင်ပင် ထိုကလေးကို လူကုန်ကူးခံရသူဟု သတ်မှတ်ရန် လုံလောက်ပါသည်။

**ရွှေ့ပြောင်းသွားလာခြင်း** ဆိုသည်မှာ လူတစ်ဦးသည် အလုပ် တစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားလာသောဖြစ်စဉ်ကို ဆိုလိုသည်။ ၄င်းကို ရွှေ့ပြောင်းသွားလာသူ ဟုခေါ်သည်။

# လူကုန်ကူးခြင်းနှင့် သက်ဆိုင်သော ဥပဒေများနှင့် သဘောတူညီချက်များ

## နိုင်ငံတကာသဘောတူညီမှုစာချုပ်များ။

## UNCRC

၁၉၈၉ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ခေါင်းဆောင်များသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ သဘောတူညီမှုစာချုပ် (CRC) ကို ရေးသားပြုစုရန် တွေ့ဆုံခဲ့ကြသည်။ ဤစာချုပ်သည် အသက်(၁၈)နှစ်အောက်ကလေးများ၏ရပိုင်ခွင့်များကို ရေးသားပြုစုထားသည်။ အခြားသဘောတူညီချက်များနှင့်စာလျှင် (CRC)ကို နိုင်ငံများက ပိုမို ပါဝင်လက်မှတ်ထိုးခဲ့ကြပါသည်။

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ သဘောတူညီမှုစာချုပ် (CRC)ကို တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနှင့် မြန်မာ နိုင်ငံများအားလုံး လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ (CRC)ကိုလက်မှတ်ရေးထိုးပြီးသော မည်သည့်တိုင်းပြည်အတွင်း နေထိုင်ကြသော ကလေးသူငယ်များမဆို ထိုစာချုပ်တွင် ဖော်ပြထားသည့် အချက်များကို ရပိုင်ခွင့်ရှိကြောင်း သဘောတူညီရာရောက်ပါသည်။

## ပါလာမိုပတိုကောလ်(Palermo Protocol)

လူကုန်ကူးခြင်းကို ကာကွယ်တားဆီးရန် အဓိကကျသည့် နိုင်ငံတကာသဘောတူညီမှုစာချုပ်သည် ပါလာမိုပတိုကောလ်(Palermo Protocol)ဖြစ်ပါသည်။

---

၂. သတင်းအချက်လက်များ ပိုမို သိရှိလိုပါက http://www.unicef.org/crc/. ကိုကြည့်ပါ။

၃. တရားဝင်အမည်သည် "လူကုန်ကူးခြင်းကို ကာကွယ်တားစီးရန်၊ ဖိနှိပ်ရန်နှင့် အပြစ်ပေးရန် (အထူးသဖြင့် အမျိုးသမီးနှင့်ကလေးများ) ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံဖြတ်ကျော်စီစဉ်သည့် ပြစ်မှုဆိုင်ရာသဘောတူညီမှုကိုဖြည့်စွက်သည်။ ပိုမိုသိလိုပါက http://www.palermoprotocol.com/general/the-palermo-protocol. ကိုကြည့်ပါ။

ပါလာမိုပတိုကောလ်(Palermo Protocol)တွင် လူကုန်ကူးခြင်းကို အောက်ပါ အတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

ခေါင်းပုံဖြတ်ရန်ရည်ရွယ်ချက်ဖြင့် လူပုဂ္ဂိုလ်တစ်ဦးအား ခြိမ်းခြောက်ခြင်း (သို့) အင်အားသုံးခြင်း (သို့) အခြားပုံစံဖြင့် အတင်းအကြပ် အနိုင်အထက်ပြုခြင်း၊ ဖြားယောင်းခေါ်ဆောင်ခြင်း၊ လိမ်လည်လှည့်ဖျားခြင်း၊ အာဏာကိုအလွဲသုံးစားပြုခြင်း၊ ရပ်တည်ရန်ခက်ခဲနေသောအခြေအနေပေါ်တွင် အလွဲသုံးစားပြုခြင်း၊ ချုပ်ကိုင်နိုင်သူ တစ်ဦးတစ်ယောက်၏သဘောတူညီမှုရရှိရန် အကျိုးအမြတ်ပေးခြင်း (သို့) ရယူခြင်းဖြင့် လူတစ်ဦးဦးအား သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့) လက်ခံထားခြင်း တို့ကို ဆိုလိုသည်။

ပါလာမိုပတိုကောလ်(Palermo Protocol)ကို အောက်ပါ နိုင်ငံများအပါအဝင် နိုင်ငံပေါင်း (၁၅၅) နိုင်ငံမှ လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။

| | |
|---|---|
| **ကမ္ဘောဒီးယား** | ၂၀၀၇ |
| **တရုတ်** | ၂၀၁၀ |
| **လာအို** | ၂၀၀၃ |
| **မြန်မာ** | ၂၀၀၄ |
| **ထိုင်း** | ၂၀၀၁ |
| **ဗီယက်နမ်** | ၂၀၁၂ |

# လူကုန်ကူးမှုကိုဆန့်ကျင်သည့်နိုင်ငံများ၏ ဥပဒေများ

ရွှေ့ပြောင်းသွားလာသူများ၏နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများတွင် လူကုန်ကူးမှုကို ရာဇဝတ်မှုဟု သတ်မှတ်ပါသည်။

## ကမ္ဘောဒီးယားနိုင်ငံ 

ကမ္ဘောဒီးယားနိုင်ငံတွင် ဥပဒေအရ အသက်(၁၈)အောက် လူပုဂ္ဂိုလ်တိုင်းကို ကလေးဟုသတ်မှတ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ လူကုန်ကူးမှုနှင့် လိင်အားဖြင့် ခေါင်းပုံဖြတ်ခြင်း ဥပဒေ (၂၀၀၈)အရ လူကုန်ကူးမှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်သည်။ ဤဥပဒေတွင် ယောကျ်ားရောမိန်းမပါ အကျုံးဝင်သည်။

ဤနိုင်ငံတွင် အဓမ္မပြုကျင့်ခြင်းသည် ရာဇဝတ်မှုဖြစ်သည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ 

တရုတ်နိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာဥပဒေတွင် ကလေးကိုတိကျစွာ အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ထားခြင်းမရှိပါ။ တရုတ်နိုင်ငံ၏အချို့ဥပဒေများတွင် အသက်(၁၈)နှစ်အောက်ကို ကလေးဟု ဖေါ်ပြထားသည်။ သို့သော် ထိုအချက်များသည် လူကုန်ကူးမှုနှင့် စပ်ဆိုင်သည့် ဖြစ်ရပ်မှန်များ အတွက် မရှင်းလင်းပါ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရာဇဝတ်ဥပဒေတွင် လူကုန်ကူးမှုကို ရာဇဝတ်မှုဟု သတ်မှတ်သည်။ သို့သော် အမျိုးသမီးနှင့် ကလေးများသာ အကျုံးဝင်ပြီး အမျိုးသားများ မပါဝင်ပါ။ (အပိုဒ်၂၄၀၊၂၄၁၊၂၆၂)။

အပိုဒ် ၂၄၄ တွင် အလုပ်သမားများ၏ လွတ်လပ်မှုကို ထိန်းချုပ်ပြီး အတင်းအကျပ်စေခိုင်းခြင်းကို တားမြစ်သည်။

အပိုဒ် ၃၅၈နှင့် ၃၅၉တွင် ပြည့်တန်ဆာအဖြစ် အတင်းအကျပ်သွပ်သွင်းခြင်းကို တားမြစ်သည်။

အပိုဒ် ၂၃၆တွင် အဓမ္မပြုကျင့်ခြင်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်သည်။

အပိုဒ် ၄၁၆တွင် အတင်းအဓမ္မ ခေါ်ဆောင်ခြင်းခံရသည့် အမျိုးသမီးများနှင့် ကလေးများကို ကယ်တင်ရန် နိုင်ငံတော်တွင် တာဝန်ရှိသည်။

## လာအိုနိုင်ငံ



လူကုန်ကူးမှုနှင့်ပတ်သက်သည့် လာအိုနိုင်ငံ၏ပြစ်မှုဆိုင်ရာဥပဒေတွင် အသက် (၁၈)နှစ်အောက်ကို ကလေးဟု သတ်မှတ်သည်။

လာအိုနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေ(၂၀၀၅)အရ လူကုန်ကူးမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။ (အပိုဒ်ခွဲ၁၃၄)

အမျိုးသမီးများနှင့် ကလေးများအား လူကုန်ကူးခြင်းကို အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဥပဒေ (၂၀၀၄) တွင် တားမြစ်သည်။ အပိုဒ် ၂၄ တွင် တိတိကျကျ ဖော်ပြထားသည်။

## မြန်မာနိုင်ငံ




လူကုန်ကူးမှုနှင့်ပတ်သက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (၂၀၀၅) တွင်အသက်(၁၈)နှစ်အောက်ကို ကလေးဟု ဖော်ပြထားသည်။

ဤဥပဒေတွင် အသက်(၁၆)နှစ်အောက်ကို ကလေးနှင့် အသက်(၁၆နှစ် နှင့်၁၈နှစ်) ကြားကို လူငယ်ဟု ခွဲခြားသတ်မှတ်ဖော်ပြထားသည်။ သို့သော် လူကုန်ကူးမှုနှင့် ပတ်သက်လျှင် အသက်(၁၈)နှစ်အောက်ကို ကလေးဟုသတ်မှတ်သည်။

ဤဥပဒေ၏ပုဒ်မ ၃(က)အရ လူကုန်ကူးမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ(၃၇၅) နှင့် (၃၅၆)တွင် အဓမ္မပြုကျင့်ခြင်းကို ရာဇဝတ်မှုဟု သတ်မှတ်သည်။

## ထိုင်းနိုင်ငံ 

လူကုန်ကူးမှုဆန့်ကျင်ရေးဥပဒေ (၂၀၀၈) ပုဒ်မ (၄) တွင် အသက်(၁၈)နှစ်အောက်ကို ကလေးဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ပုဒ်မ(၄)နှင့် (၆)တွင် လူကုန်ကူးမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။

## ဗီယက်နမ်နိုင်ငံ 

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ပညာရေးဥပဒေ(၂၀၀၄)တွင် အသက်(၁၆)အောက်ကို ကလေးဟု သတ်မှတ်သည်။ ဗီယက်နမ်ပြစ်မှု ဆိုင်ရာဥပဒေ (၁၉၉၉)တွင် ကလေး၏အသက်ကို သတ်မှတ်ထားခြင်းမရှိပါ။

ဗီယက်နမ်ပြစ်မှုဆိုင်ရာဥပဒေ (အပိုဒ် ၁၁၉နှင့် ၁၂၀) တွင် အမျိုးသမီးနှင့် ကလေးများ(အမျိုးသားများမပါ)အား လူကုန်ကူးမှုကို ရာဇဝတ်မှုဟု သတ်မှတ်သည်။

ဗီယက်နမ်၏(၂၀၁၁)ခုနှစ်တွင် သဘောတူပြဋ္ဌာန်းပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် အသက်ဝင်သည့် လူကုန်ကူးမှု ဆန့်ကျင်ရေး ဥပဒေသစ်ရှိပါသည်။ ဤဥပဒေတွင် လူကုန်ကူးမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။ ဗီယက်နမ်အစိုးရသည် ဤဥပဒေကို အကောင်အထည်ဖေါ် ဆောင်ရွက်နေပြီဖြစ်သည်။

ပြစ်မှုဆိုင်ရာဥပဒေ (အပိုဒ်၁၁၁ - ၁၅)တွင် အဓမ္မပြုကျင့်ခြင်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်သည်။

# စစ်ဆေးရန်အချက်အလက်-
# လုံခြုံသောရွှေ့ပြောင်းသွားလာခြင်း

**သင့် ရပ်ကွက် / ကျေးရွာမှထွက်ခွာ၍ အခြားနေရာသို့ အလုပ်သွားရောက်လုပ်ကိုင်မည့်အကြောင်း သင့်မိသားစုနှင့်ဆွေးနွေးသောအခါ ဤမေးခွန်းများကို ဖြေဆိုပါ။**

## သင် သွားရောက်ရမည့်နေရာနှင့်ပါတ်သက်သည့် သတင်းအချက်အလက်



| **စစ်ဆေးရန် အချက်အလက်များ**<br>(သိ / ရှိ / ဟုတ် ဆိုပါက (√) ဟုခြစ်ပြီး<br>မသိ / မရှိ / မဟုတ် ဆိုပါက (X) ဟုခြစ်ပါ။) | √ | X |
|---|---|---|
| သင် ဘယ်ကိုသွားမလဲဆိုတာ သိပါသလား။ အကယ်၍ သိပါက ထိုမြို့၏အမည်ကို ဤနေရာတွင်ရေးပါ။<br>---------------------------------------------------- | | |
| သင် သွားရောက်မည့်မြို့တွင်နေထိုင်သော သူတစ်ယောက်ယောက်ကို သိပါသလား။ | | |
| ထိုသူ၏ဖုန်းနံပါတ်ကို သိပါသလား။ | | |
| သင်ရောက်သောအခါ တွေ့ဆုံရန် ထိုလူကို သင်ဖုန်းဆက်လို့ ရပါသလား။ | | |

# ခရီးစဉ်နှင့်ပတ်သက်သည့် အချက်အလက်



| **စစ်ဆေးရန် အချက်အလက်များ** (သိ / ရှိ / ဟုတ် ဆိုပါက (√) ဟုခြစ်ပြီး မသိ / မရှိ / မဟုတ် ဆိုပါက (X) ဟုခြစ်ပါ။) | √ | X |
|---|---|---|
| အလုပ်ကိစ္စပြီးဆုံးသွားလျှင် သင့်၏ နိုင်ငံကို မည်ကဲ့သို့ ပြန်လာရမည်ကို သိပါသလား။ | | |
| အပြန်ခရီးစရိတ်သည် မည်မျှကုန်ကျမည်နည်း။ ငွေပမာဏကို ဤနေရာတွင်ရေးပါ။ ____________________ | | |
| သင်ရောက်သည့်နေရာတွင် အလုပ်မရရှိသေးပါက နေထိုင်စရိတ်မည်မျှကုန်ကျမည်နည်း။ ငွေပမာဏကိုဤနေရာတွင်ရေးပါ ........................ | | |
| ပွဲစား (သို့) အလုပ်ရှင်ထံမှ ခရီးစရိတ် (သို့) ကြိုတင်ငွေ အတွက် ငွေချေးယူခဲ့ပါက အန္တရာယ်ရှိကြောင်း သတိရပါ။ | | |
| သင်သည် သူငယ်ချင်းများနှင့်ခရီးသွားမှာလား။ | | |

## အလုပ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်



| **စစ်ဆေးရန် အချက်အလက်များ**<br>(သိ / ရှိ / ဟုတ် ဆိုပါက (√) ဟုခြစ်ပြီး မသိ / မရှိ / မဟုတ် ဆိုပါက (X) ဟုခြစ်ပါ။) | √ | X |
|---|---|---|
| သင်သည် ထိုပွဲစားမှ ယခင်က အလုပ်ရှာပေးခဲ့သူ တစ်ယောက်ယောက်ကို သိပါသလား။ | | |
| အလုပ်ရသွားသော ထိုသူသည် အိမ်ကို မကြာခဏ အလည်ပြန်လာတတ်ပါသလား။ | | |
| အလုပ်ရသွားသူက သူ့မိသားစုကို ဖုန်းဆက်ပါသလား။ | | |
| ဤအလုပ်သည် သင်ကြားခဲ့ဖူးသော အခြားသော အလုပ်များနှင့် တူညီပုံ ရပါသလား။ | | |
| ဤအလုပ်သည် သင်ကြားခဲ့ဖူးသော အခြားအလုပ်များ ပေးသည့် ငွေကြေးပမာဏအတိုင်း ပေးပါသလား။ (အကယ်၍ ဤအလုပ်သည် ကောင်းလွန်းနေပုံရပါက ၄င်းသည် လိမ်လည်မှု တစ်ခုဖြစ်နိုင်သည်။) | | |
| သင့်ကို အလုပ်ရှာပေးသူသည် သင်လုပ်ရမည့် အလုပ်၏ကုမ္ပဏီအမည်ကိုပြောနိုင်ပါသလား။ သိပါက ဤနေရာတွင်ရေးပါ။ .............................. | | |
| ထိုသူသည် သင့်ကို ကုမ္ပဏီ၏လိပ်စာနှင့်ဖုန်းနံပါတ်ကို ပြောပြနိုင်ပါသလား။ သိပါက ဤနေရာတွင် ရေးပါ။<br>................................................................ | | |



| **စစ်ဆေးရန် အချက်အလက်များ**<br>(သိ / ရှိ / ဟုတ် ဆိုပါက (√) ဟုခြစ်ပြီး<br>မသိ / မရှိ / မဟုတ် ဆိုပါက (X) ဟုခြစ်ပါ။) | √ | X |
|---|---|---|
| သင်သည်ကုမ္ပဏီ၏ အမည်နှင့်လိပ်စာကို အင်တာနက်တွင် ကြည့်နိုင်ပါသလား။ | | |
| သင့်တွင် စာချုပ်ရှိပါသလား။ | | |
| သင့်တွင် အလုပ်စာချုပ်မရှိပါက သင့်အလုပ်အခြေအနေများကို ဆွေးနွေးပြီးပြီလား။ | | |
| သင်သည် ထိုစာချုပ်တစ်ခုလုံးကို ဖတ်ပြီး နားလည်ပါသလား။ | | |
| သင်သည် ထိုစာချုပ်မှပြောကြားထားသည့်အရာ အားလုံးကိုသဘောတူပါသလား။ | | |

## ခရီးသွား စာရွက်စာတမ်း အထောက်အထားများ

| **စစ်ဆေးရန် အချက်အလက်များ**<br>(သိ / ရှိ / ဟုတ် ဆိုပါက (√) ဟုခြစ်ပြီး<br>မသိ / မရှိ / မဟုတ် ဆိုပါက (X) ဟုခြစ်ပါ။) | √ | X |
|---|---|---|
| အကယ်၍ သင်သည် အခြားနိုင်ငံတစ်ခုသို့သွားလျှင် သင့်တွင် နိုင်ငံကူးလက်မှတ်နှင့်အလုပ်လုပ်ကိုင်ခွင့် (ဗီဇာ) /(အလုပ်လုပ်ခွင့်ပါမစ်) ရှိပါသလား။ | | |

# ဆက်သွယ်ရမည့်သူများ





| **စစ်ဆေးရန် အချက်အလက်များ**<br>(သိ / ရှိ / ဟုတ် ဆိုပါက (√) ဟုခြစ်ပြီး<br>မသိ / မရှိ / မဟုတ် ဆိုပါက (X) ဟုခြစ်ပါ။) | √ | X |
|---|---|---|
| သင့်မိသားစုနှင့် ဆက်သွယ်ရန်အတွက်<br>လက်ကိုင်ဖုန်းကို ယူဆောင်သွားမည်လား။ | | |
| အခြားမြို့/နိုင်ငံတွင် အခက်အခဲနှင့် ကြုံတွေ့ရပါက /<br>အကူအညီနှင့် လုံခြုံမှုလိုအပ်သောအခါ<br>ဆက်သွယ်ရမည့် အဖွဲ့အစည်းတစ်ခုခု (သို့)<br>လူတစ်ယောက်ယောက်ကို သိပါသလား။ | | |

သင်သည် '√' ကို ခြစ်ထားသည့်အကြိမ် များပါက သင်၏အစီအစဉ်
သည် ပိုမို၍ အန္တရာယ်ကင်းမည်ဖြစ်သည်။

# ဆုံးဖြတ်ချက် ပုံစံ

## ရွှေ့ပြောင်းသွားလာရန်အတွက်ဆုံးဖြတ်ချက် ပုံစံ



# စစ်ဆေးရန် အချက်အလက်- လုံခြုံသော ခရီးသွားလာခြင်း

## သင် ဆောင်ရွက်ပြီးသောအရာများကို စစ်ဆေးပါ။ ✓

- စာရွက်စာတမ်း အထောက်အထားဖြင့် ရွှေ့ပြောင်းသွားလာခြင်း သည် ပိုမိုအန္တရာယ်ကင်းသည်။
- စစ်ဆေးရမည့်အချက်အလက်ကို ဖြည့်ပါ။ လုံခြုံသော ခရီး သွားလာမှုနှင့် အရေးကြီးသောစာရွက်စာတမ်းများကို သင်မထွက်ခွာမီ စစ်ဆေးပါ။
- သင်မထွက်ခွာမီ သင်ရောက်ရှိသည့် နိုင်ငံမှ အိမ်ကိုဖုန်းခေါ်ရန် အိမ်ဖုန်းနံပါတ်ကို အလွတ်ကျက်မှတ် ထားပါ။
- စာရွက်စာတမ်း အထောက်အထားမိတ္တူများကို သင့်အိမ်တွင် သင်ယုံကြည်ရသော လူတစ်ယောက်ထံ အပ်ထားခဲ့ပါ။ ( အကယ်၍ သင် ဒုက္ခရောက်လျှင် သို့မဟုတ် သင်၏စာရွက် စာတမ်းများပျောက်သွားခဲ့လျှင် မိသားစုထံတွင် အပ်ထားသော အထောက်အထားများဖြင့် သင့်မိသားစုမှ သင့်ကို ကူညီနိုင် လိမ့်မည်။)
- စာရွက်စာတမ်းများကို မိတ္တူနှင့် မူရင်းသီးခြားစီခွဲ၍ သင်နှင့် အတူ ယူဆောင်သွားပါ။
- အလုပ်မရမီ ခေတ္တနေထိုင်ရန်နှင့် အိမ်ပြန်ရန်အတွက် လုံလောက်သောငွေကြေး ယူဆောင်သွားပါ။
- ကျွမ်းကျင်သောလမ်းပြလက်စွဲစာအုပ်ငယ်၊ စာရွက်စာတမ်းများ နှင့်ငွေကိုအဝတ်အစားကြား လုံခြုံသောနေရာတွင်သိမ်းထားပါ၊



## သတိပြုရန် အချက်အလက်


ရွှေ့ပြောင်းသွားလာသူများနှင့်အတူ တစ်ဖွဲ့တည်း ခရီးသွားပါ။ (ထိုသို့ သွားခြင်းဖြင့် လူအများကို တစ်ချိန်တည်းတွင် လှည့်ဖျားရန်ခက်ခဲသည်။ တစ်ဖွဲ့တည်း ရှိနေခြင်းက သင် အကူအညီတောင်းနိုင်သည့်မိတ်ဆွေများရှိနေသည်ဟုဆိုလိုသည်)။

လူစိမ်းများကို သတိထားပါ။ (လူကုန်ကူးသူများဖြစ်နိုင်သည်)

အကယ်၍ တစ်ဦးတစ်ယောက်က သင့်စာရွက်စာတမ်းများပေးရန် တောင်းလာပါက အခြားသောခရီးသွားများ (သို့) တာဝန်ရှိသူများကို အကူအညီတောင်းပါ။

ရထား သို့မဟုတ် ဘတ်စ်ကားမှတ်တိုင်ရှိ လူစိမ်းများနောက်သို့ မလိုက်ပါနှင့်။

ကိုယ်ပိုင်ကား(သို့) မီနီဘတ်စ်ကားစီးခြင်းကို တတ်နိုင်သမျှ ရှောင်ကျဉ်ပါ။



# စစ်ဆေးရန် အချက်အလက်-
# အရေးကြီးသောစာရွက်စာတမ်းများ

အောက်ပါ အချက်များသည် သင်ရွှေ့ပြောင်းသွားလာသောအခါ သင်နှင့် အတူ အမြဲတမ်း ယူဆောင်သွားသင့်သော ဖုန်းနံပါတ်များနှင့် စာရွက် စာတမ်းများဖြစ်သည်။

**သင်၏စာရွက်စာတမ်းတစ်ခုစီကို မိတ္တူနှစ်စုံစီ ကူးထားပါ။**
မိတ္တူတစ်စုံကို သင့်မိသားစုနှင့် ထားရှိခဲ့ပြီး အခြားတစ်စုံကို သင်နှင့်အတူ ယူသွားပါ။ ထိုမိတ္တူများကို သင်၏ခရီးသွားစာရွက်စာတမ်းမူရင်းနှင့် သီး ခြားစီခွဲ၍ သိမ်းထားပါ။ အကယ်၍ သင်၏ မူရင်းစာရွက်စာတမ်း ပျောက် ဆုံးပါက (သို့မဟုတ်) အခိုးခံရပါက အာဏာပိုင်များကိုပြရန် မိတ္တူများရှိ နေမည်။



ဖုန်းနံပါတ်များ(သို့) စာရွက်စာတမ်းများ ရနိုင်သလောက် ကြိုးစားယူ ထားသင့်သည်။ အကယ်၍ သင့်တွင် အောက်ပါဖုန်းနံပါတ်များနှင့် လိပ်စာများရှိပါက ရေးသားထားပါ။

သင့်မိသားစု၏ ဖုန်းနံပါတ်-



ထိုအလုပ်တွင် ယခု လက်ရှိအလုပ်လုပ်နေသော လူတစ်ယောက်၏ ဖုန်းနံပါတ် -



သင် သွားရောက်မည့်နေရာတွင်နေထိုင်သော သင်သိသည့် လူတစ်ဦး ၏ဖုန်းနံပါတ် -



သင်သွားရောက်မည့်နေရာတွင် လိုအပ်ပါက အကူအညီတောင်းခံရန် ကူညီပေးသော အဖွဲ့အစည်း (NGO) ၏ဖုန်းနံပါတ် -

ရဲစခန်းဖုန်းနံပါတ်-

သင်အလုပ်လုပ်မည့်နေရာ၏အမည်နှင့်လိပ်စာ -

သင်သွားမည့်နိုင်ငံရှိ မြန်မာသံရုံး၏လိပ်စာ -

သင်သွားမည့်နိုင်ငံရှိ World Vision (ဝေါလ်ဗီရှင်)ကဲ့သို့သော အကူအညီပေးသည့် အဖွဲ့အစည်း( NGO )တစ်ခု၏အမည်နှင့်လိပ်စာ -



| စစ်ဆေးရန် အချက်အလက်များ - သင့်တွင် ရှိထားပါသလား။ | ရှိ | မရှိ |
|---|---|---|
| နိုင်ငံကူးလက်မှတ် ( အကယ်၍ အခြားနိုင်ငံတစ်ခုသို့ ခရီးသွားလျှင်) | | |
| နိုင်ငံကူးလက်မှတ်မိတ္တူ (အခြားလူများကို မိတ္တူသာ ပေးပါ ) သင်၏ နိုင်ငံကူးလက်မှတ်မူရင်း သင့်၌သာ ရှိစေပါ။ | | |
| သွားရောက်မည့်နိုင်ငံ ပြည်ဝင်ခွင့် (အကယ်၍ အခြား နိုင်ငံတစ်ခုကိုခရီးသွားလျှင်) | | |
| ပြည်ဝင်ခွင့်မိတ္တူ | | |
| သင့်အလုပ်၏ စာချုပ်မိတ္တူ | | |
| ဖြစ်နိုင်လျှင် လက်ကိုင်ဖုန်းတစ်လုံး (များသောအားဖြင့် သင်သွားမည့်နိုင်ငံတွင် ဖုန်းဆင်းမ်ကဒ်အသစ်တစ်ခုကို လွယ်ယူစွာ ရနိုင်သည်။) | | |
| အကယ်၍ သင့်တွင် ပြဿနာများရှိလာခဲ့ပါက သင့်အိမ် သို့ပြန်ရန်အတွက် လုံလောက်သောငွေ | | |

ပါဝင်သူများ၏အကြံဉာဏ်များကိုထပ်ဖြည့်ပါ။

________________________________

________________________________

အချက်အလက်များများ ထည့်သွင်းစဉ်းစားနိုင်လေ သင့်အတွက် ပို၍ လုံခြုံလေဖြစ်သည်။

# သင်ရောက်ရှိသောနေရာ၏ ဘေးကင်းလုံခြုံမှု

## သင်ရောက်ရှိသောအခါ လုပ်သင့်သည့်အရာများ

**သင်ပြုလုပ်ပြီးသောအခါ အမှန် ခြစ်ပါ။**

သင်ရောက်ရောက်ချင်းမြို့၏အမည်နှင့် သင်နေထိုင်ရာပတ်ဝန်းကျင်အမည်များကို မေးမြန်းပါ။ သင်နေထိုင်ရာနေရာကိုမည်ကဲ့သို့ရှင်းပြရမည်ဆိုတာကိုသင်ယူပါ။(ထိုသို့မေးခြင်းဖြင့်သင်ဒုက္ခတွေ့ခဲ့ပါက သင်ဘယ်နေရာတွင် ရောက်ရှိနေသည်ကို သင်ရှင်းပြနိုင်လိမ့်မည်။)

---

သင်ရောက်ရောက်ချင်း သင့်မိသားစုထံ ဖုန်းခေါ်ပါ။ (ကျွမ်းကျင်သောလမ်းပြလက်စွဲစာအုပ်ငယ်က သင့်အိမ်သို့ မည်ကဲ့သို့ ဖုန်းခေါ်ရမည်ကို ရှင်းပြထားသည်)။ သင့်မိသားစုကို သင် ဘယ်နေရာတွင်နေထိုင်သည်ကို ရှင်းပြပြီးဖြစ်နိုင်ပါက သင့်ကို ဆက်သွယ်နိုင်သော သင်၏သူငယ်ချင်းတစ်ဦး၏ဖုန်းနံပါတ်ကို ပေးထားပါ။

---

သင်၏ မိဘများထံ ပုံမှန် ဖုန်းဆက်ပါ။ မိဘများနှင့်တစ်ပတ်တစ်ကြိမ် သတ်မှတ်ထားသောနေ့နှင့် အချိန်တွင် ဖုန်းခေါ်ရန်အစီအစဉ်တစ်ခုပြုလုပ်ထားခြင်းသည် ကောင်းသောအစီအစဉ်ဖြစ်သည်။ ဤသို့လုပ်ခြင်းက အကယ်၍ သင်ဖုန်းမခေါ်ခဲ့ပါက သူတို့သည် သင့်မှာ အန္တရာယ်ရှိနေပြီဖြစ်ကြောင်းသိလိမ့်မည်ဖြစ်သည်။ သင် ပြဿနာတစ်ခုခုရှိပါက သူတို့ကို ပြောပြပါ။ သင်၏မိဘများကို သင့်ပြဿနာများအကြောင်း ပြောပြပါ။

သင်အလုပ်လုပ်မည့်နေရာကို သွားရောက်လေ့လာပါ။ အလုပ်အခြေအနေကောင်းပါက ဆုံးဖြတ်ချက်ချလိုက်ပါ။

သင်နှင့်အတူ ခရီးထွက်လာသော ရွှေ့ပြောင်းသွားလာသူများကို အဆက်သွယ်မပြတ်စေနှင့်။ သင်ကဲ့သို့ တူညီသောအခြေအနေ ရှိသောသူငယ်ချင်းများနှင့် ဆက်သွယ်မှုကွန်ယက် တစ်ခု တည်ဆောက်ထားပါ။ သို့သော်လူအများစုသည် မိမိနှင့်သိကျွမ်းသော သူများ၏ ရောင်းစားခြင်းခံရကြောင်းကို သတိပြုပါ။

သင့် ပတ်ဂန်းကျင်အသစ်ကို လေ့လာပြီး မည့်သည့်နေရာတွင် ရဲစခန်း၊ ဘတ်စ်ကားမှတ်တိုင်ရှိသည်ကို လေ့လာထားပါ။

ရွှေ့ပြောင်းသွားလာသူများအတွက် ဝန်ဆောင်မှု / ကူညီမှုများ ပေးသောနေရာများ၊ ရွှေ့ပြောင်းသွားလာသူများ တွေ့ဆုံသော နေရာတစ်ခုရှိသလား စုံစမ်းမေးမြန်းထားပြီး ရှိခဲ့ပါက ထိုနေရာများသို့ သွားရောက်လေ့လာပါ။

အကယ်၍ သင်သည် ငွေကို အိမ်သို့ပို့ပေးရန်ဆန္ဒရှိပါက စိတ်ချရသော နည်းလမ်းတစ်ခုကို သူငယ်ချင်းများအား မေးမြန်းပါ။ ငွေကို စာအိတ်ထဲထည့်၍ မည်သည့်အခါမျှ မပို့ပါနှင့်။ အခိုးခံရနိုင်သည်။





# အိမ်ကို မည်သို့ ဖုန်းဆက်မည်နည်း

သင့်တွင် ဖုန်းရှိပါက သင်ရွှေ့ပြောင်းသွားလာသောအခါ သင်နှင့်အတူ ယူဆောင်သွားသင့်သည်။ သို့သော် သင့်နိုင်ငံ၏ ဆင်းမ်ကဒ်သည် အခြားနိုင်ငံတစ်ခုတွင် အသုံးပြု၍ရမည် မဟုတ်ပေ။ နိုင်ငံသစ်တစ်ခုကို ရောက်ရှိသွားသောအခါ ကြိုတင်ငွေပေးရသော ဆင်းမ်ကဒ်တစ်ခုကို ဝယ်ယူနိုင်သည်။

အကယ်၍ သင့်တွင်ဖုန်းမရှိခဲ့ပါက ထိုင်း(သို့မဟုတ်)မလေးရှားကဲ့သို့သော ခရီးဆုံးဆိုက်ရောက်နိုင်ငံများတွင် ငွေပေး၍ဖုန်းခေါ်ဆိုနိုင်သော အင်တာနက်ဆိုင်များ ရှိကြသည်။

**သင့်နိုင်ငံကို ဖုန်းဆက်ရန် အောက်ပါတို့ကို ဆောင်ရွက်ပါ။**

ပထမဆုံး - **၀၀၁ကိုနှိပ်ပါ။**

ထို့နောက် - **သင့်နိုင်ငံ၏ ကုဒ်နံပါတ် ကိုနှိပ်ပါ**

ထို့နောက် - **သင့်နိုင်ငံမှ ခေါ်လိုသောဖုန်းနံပါတ်၏ ပထမဆုံး(၀) ကိုဖြုတ်ပြီးနှိပ်ပါ။**

**၀၀၁ + နိုင်ငံကုဒ် + (သုညမပါ) + ဖုန်းနံပါတ်**

ဤအရာများမှာ နိုင်ငံအသီးသီး၏ ကုဒ်နံပါတ်များဖြစ်သည်။

**ကမ္ဘောဒီးယား** - ၈၅၅ **တရုတ်** - ၈၆

**လာအို** - ၈၅၆ **ဗီယက်နမ်** - ၈၄

**ထိုင်း** - ၆၆ **မြန်မာ** - ၉၅

(WORLD VISION ဒေသခံဝန်ထမ်းသည် နိုင်ငံအားလုံး၏ကုဒ်နံပါတ်များကို ကျေးဇူးပြု၍ မှတ်သားထားပါ။ သို့သော် သင့်နိုင်ငံနှင့်သက်ဆိုင်သည့်ကုဒ်နံပါတ်ကို အမှတ်အသား လုပ်ထားပါ။)

ဥပမာ - သင့်၏ ကမ္ဘောဒီးယားရှိ ဖုန်းနံပါတ်မှာ ၀၁၂၈၂ဂ၅၄၄ ဖြစ်သည်။
ထို့နောက် သင်သည် ထိုင်းနိုင်ငံမှအိမ်ကို ဖုန်းခေါ်လျှင် -

သင်သည် ဂဂ၁ ၈၅၅ ၁၂ ၈၂ဂ ၅၄၄ ဟု ခေါ်ဆိုရမည်။

ဥပမာ - ဗီယက်နမ်နိုင်ငံမှ သင့်၏ ဖုန်းနံပါတ်သည် ၀၁၈၄၄၂၂၁၁ ဖြစ်သည်။
ထို့နောက် ထိုင်းနိုင်ငံမှဗီယက်နမ်နိုင်ငံသို့ ဖုန်းခေါ်လျှင် -

သင်သည် ဂဂ၁ ၈၄ ၁၈ ၄၄၂၂၁၁ သို့ခေါ်ဆိုရမည်။

ဥပမာ - မြန်မာနိုင်ငံမှ သင့်၏ ဖုန်းနံပါတ်သည် ၀၉ ၄၂၁၁၃၉၃၄၃ ဖြစ်သည်၊
ထို့နောက် ထိုင်းနိုင်ငံမြန်မာနိုင်ငံသို့ ဖုန်းခေါ်လျှင်-

သင်သည် ၀၀၁၉၅ ၉ ၄၂၁၁၃၉၃၄၃ သို့ခေါ်ဆိုရမည်။

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လူကုန်ကူးမှုတိုက်ဖျက်ရေးအရေးပေါ် ဖုန်းနံပါတ်များသို့ ဖုန်းခေါ်လျှင် -

၀၀၁၉၅ ၉၄၉၅၅၅၆၆၆ ၀၀၁၉၅၉၄၉၅၅၅၇၇၇
၀၀၁၉၅ ၉၄၉၅၅၅၈၈၈ ၀၀၁၉၅၉၄၉၅၅၅၉၉၉

# အရေးပေါ် ဖုန်းနံပါတ်များ



## ကမ္ဘောဒီးယား

| | |
|---|---|
| ဖနွမ်းပင် (PHNOM PENH): | ၀၁၇ ၂၇၆ ၂၂၂ |
| ဘက်တန်မ်ဘန်း (BATTAMBANG): | ၀၁၉ ၂၅၆ ၂၂၂ |
| ဘန်တေး မီးန်းချေ(BANTEAY MEANCHEY): | ၀၁၇ ၂၆၀ ၂၂၂ |
| စိန်းမ် ရိပ်(SIEM REAP): | ၀၁၇ ၂၅၈ ၂၂၂ |
| ကမ်ပွန် သွမ်း (KAMPONG THOM): | ၀၁၇ ၂၅၄ ၂၂၂ |
| ကမ်ပွန် ချန်နမ်(KAMPONG CHHNANG): | ၀၁၇ ၃၂၆ ၂၂၂ |

## တရုတ်

| | |
|---|---|
| 青少年☒权 ဆယ်ကျော်သက်များအတွက် အရေးပေါ်လိုင်း | ၁၂၃၅၅ |
| ☒女☒权 မိန်းမများအတွက် အရေးပေါ်လိုင်း | ၁၂၃၃၈ |
| ☒☒☒权 အလုပ်သမားများ အခွင့်အရေး အရေးပေါ်လိုင်း | ၁၂၃၃၃ |
| 市☒☒☒ မြို့တော်ဝန်၏ အရေးပေါ်လိုင်း | ၁၂၃၄၅ |
| ☒警☒☒ ရဲ အရေးပေါ်လိုင်း | ၁၁၀ |

ပြည်သူ့အရေးဝန်ကြီးဌာန(MCA)သည် ရွှေ့ပြောင်းသူများ အကူအညီလိုအပ်နိုင်သည့်နေရာများ တရုတ်နိုင်ငံတစ်ဝန်းတွင် ခိုလှုံနိုင်သောနေရာများ ပြုလုပ်ပေးထားသည်။

## ဗီယက်နမ်

အောက်ပါဖုန်းနံပါတ်များအား ရွှေ့ပြောင်းသူများ အရေးပေါ် အကူအညီ တောင်းခံရန် အတွက် အသုံးပြုနိုင်သည်။

လူကုန်ကူးမှု တိုက်ဖျက်ရေး အရေးပေါ်လိုင်း : ၁ ၈၀၀ ၁၅၆၇

ရွှေ့ပြောင်းသွားလာသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာ(MRC) (၈၄၄)၃၉၃၆၆၆၃၃

ပြစ်မှုကျူးလွန်သူများ စစ်ဆေးခြင်းဌာန MPS : ၀၆၉၄ ၄၀၃၇

## လာအို

၀၂၀ ၅၄၈ ၃၈၉ ၆၉

## မြန်မာ

လူကုန်ကူးမှု တိုက်ဖျက်ရေး အရေးပေါ်ဖုန်း နံပါတ်များမှာ-

၀၉-၄၉၅၅၅၆၆၆ ၀၉-၄၉၅၅၅၇၇၇

၀၉-၄၉၅၅၅၈၈၈ ၀၉-၄၉၅၅၅၉၉၉

UN-ACT, UNICEF, IOM, SAVE THE CHILDREN, WORLD VISIONနှင့် AFXB တွင်လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ်များရှိသည်။

## ထိုင်း

ရွှေ့ပြောင်းသူများသည် **၁၃၀၀** ကိုအကူအညီရယူရန် ခေါ်ဆိုနိုင်သည်။ အချို့သောပြည်နယ်များ၏ အရေးပေါ်နံပါတ်များတွင် အိမ်နီးနားချင်းနိုင်ငံများမှ သာသာပြန်ပေးသောစကားပြန်များ ရှိသည်။

**၁၁၉၁** သည် လူကုန်ကူးမှုတိုက်ဖျက်ရေးရဲအား ခေါ်ဆိုရန်အတွက် ဖြစ်သည်။

**၁၄၁၇** သည် ဆယ်ကျော်သက်များအတွက် အကြံညာဏ်တောင်းရန် ခေါ်ဆိုနိုင်သည်။



# သင် လူကုန်ကူးခံရပါက မည်ကဲ့သို့ ပြုလုပ်ရမည်နည်း။

- အကယ်၍လူကုန်ကူးသူက သင့်အား တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းပါက သင်္ကေတများ (သို့) အမှတ်အသားများအား သေချာဂရုစိုက်ပြီး မှတ်သွားပါ။ သင် မည်သည့်နေရာရောက်နေသည်ကို သိရှိအောင်ကြိုးစားပါ။ မီးရထားဘူတာ၊ အမြန်လမ်းမများ၊ မြို့အမည်များ၊ ထင်ရှားသောအဆောက်အဦးများကို ရှာဖွေပါ။ အသေးစိတ်ကို မှတ်သားထားပါ။ ဆိုလိုသည်မှာ သင် ဖုန်းခေါ်ဆိုရန် နည်းလမ်းရှာတွေ့ပါက သင် မည်သည့်နေရာရောက်နေသည်ကို ရှင်းပြနိုင်မည်ဖြစ်သည်။
- အကယ်၍ သင့်ဆန္ဒနှင့် ဆန့်ကျင်၍ ပြည့်တန်ဆာအိမ် (သို့) စက်ရုံ ကဲ့သို့သောနေရာတွင် အလုပ်လုပ်ရပါက သင့်ကို ထားရှိသောနေရာ၏အမည်ကို သိရှိရန် ကြိုးစားပါ။ အကယ်၍ ယုံကြည်စိတ်ချသည်ဆိုပါက သင့်အနားရှိနေသူများအား သင် မည်သည့်နေရာရောက်ရှိနေသည်ကို သိပါသလားဟု မေးပါ။
- လူကုန်ကူးသူ၏ မျက်နှာအား မှတ်ထားပါ။
- အကယ်၍ သင်သည် လူကုန်ကူးခံရသည်ဟုထင်ပါက လှုပ်ရှားမှုမပြုလုပ်မီ အစီအစဉ်အရင်ဆွဲပါ။ လူကုန်ကူးသူများအား သင် လူကုန်ကူးခံရသည်ဟု ထင်ကြောင်းကို မသိပါစေနှင့်။ လွတ်မြောက်ရန်နည်းလမ်းအတွက် ရှာဖွေစဉ်ဟန်ဆောင်နေပြပါ။
- အကယ်၍ သင်သည် လိင်ဆက်ဆံရန် လူကုန်ကူးခြင်းခံရပါက ယောက်ျားများအား ကွန်ဒုံးအသုံးပြုရန် ဖျောင်းဖြပါ။

- ကျွမ်းကျင်သောလမ်းပြလက်စွဲစာအုပ်မှ အရေးပေါ် ဖုန်းနံပါတ်များအား ခေါ်ဆိုပါ။

- အကယ်၍ သင်သည် လူကုန်ကူးခံရပြီး လစာလည်းမရသည့်အပြင် အလုပ်ရှင်က သင့်အား နောက်ထပ် တစ်နှစ် (သို့) နှစ်နှစ် အလုပ်လုပ်ပြီးမှ လစာ မြောက်များစွာပေးမည်ဟု ပြောပါက အလုပ်ရှင်အားမယုံပါနှင့်။ လူကုန်ကူးသူများသည် ရွှေ့ပြောင်းသူများအား ဤသို့သောနည်းဖြင့် မကြာခဏလှည့်စားတတ်ကြသည့်အတွက် ရွှေ့ပြောင်းသူများသည် လုပ်အားခလည်း ရရှိမည်မဟုတ်ပါ။